# e-NEWSLETTER

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

VOL.3, N0.7

JULY 2024




ကော်မရှင်ဥက္ကဋ္ဌမှ ကျောင်းသုံးပစ္စည်းများအား ကျောင်းသား/ ကျောင်းသူ သားငယ်သမီးငယ်များ ကိုယ်စား ကျောင်းသားမိဘတစ်ဦးထံ ပေးအပ်စဉ်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ အရာထမ်း/ အမှုထမ်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ဇွန်လ ၂၀ ရက်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးရှိ အခြေခံပညာကျောင်းနေအရွယ် ဝန်ထမ်းသားသမီးများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ၂၀-၆-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပခဲ့ပါသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဝန်ထမ်းများအနေဖြင့် သားသမီးများအတွက် ပညာအမွေပေးနေခြင်းကိုဌာနအနေဖြင့် ကူညီပံ့ပိုးပေးခြင်းပင်ဖြစ်ပါကြောင်း၊ ပညာသင်ယူ တတ်မြောက်မှသာ အသိပညာ၊ ဗဟုသုတပြည့်စုံ၍ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာရှိမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ကျောင်းနေအရွယ် ကလေးငယ်များ ပညာသင်ကြားခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော်ကို အလုပ်အကျွေးပြုမည့် လူရည်ချွန်၊ လူရည်မွန်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြစေရန်

## သတင်းအညွှန်း


ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး) ၌ သင်ခန်းစာသွားရောက်ပို့ချ — စာ ၃


ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားဆက်သွယ်ရေးဝန်ကြီးဌာနတွင် သင်ခန်းစာသွားရောက်ပို့ချ — စာ ၃


ကျိုက်စကောစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းနှင့်ဒိုက်ဦးမြို့မှရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း — စာ ၄


တွံတေးမြို့ပေါ်ရှိ တွံတေးမြို့မရဲစခန်းအချုပ်ခန်းနှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း — စာ ၅


ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာသွားရောက်ပို့ချ — စာ ၆


နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ၌ သင်ခန်းစာသွားရောက်ပို့ချ — စာ ၇


အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) (နေပြည်တော်) ၌ သင်ခန်းစာသွားရောက်ပို့ချ — စာ ၇


တိုက်ကြီးမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် ဥက္ကံမြို့ပေါ်ရှိ ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း — စာ ၈


အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာသွား ရောက်ပို့ချ — စာ ၈

ကြိုးစားစေလိုကြောင်း မှာကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ လှူဒါန်းသည့် ကျောင်းသုံးပစ္စည်းများအား ကျောင်းသား/ ကျောင်းသူ သားငယ်သမီးငယ်များကိုယ်စား ကျောင်းသားမိဘဝန်ထမ်းများထံ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ရုံးဝန်းအတွင်းဆေးဖြန်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း

### ဇွန်လ ၁ ရက်



၂၀၂၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ ရုံးဝန်းအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာကွယ်နိုင်ရေးအတွက် ကော်မရှင်ရုံး အမှတ်(၁)၊ (၂)၊ (၃) အဆောင်များရှိအခန်းများ၊ အစည်းအဝေးခန်းမများ၊ ယာဉ်မောင်းနားနေဆောင်များနှင့် အမျိုးသမီးအိပ်ဆောင်များအတွင်း ပိုးသတ်ဆေးဖြန်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တင်ဒါကော်မတီ အစည်းအဝေး ကျင်းပခြင်း



### ဇွန် ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ တင်ဒါကော်မတီ အစည်းအဝေးကို ၅-၆-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် Conference Room တွင် ကျင်းပခဲ့ရာ တင်ဒါကော်မတီ ဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါ်နုနုယဉ်၊ ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် သက်ဆိုင်ရာဌာန တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူရေးအဖွဲ့မှဆောင်ရွက်ရမည့်လုပ်ငန်းများကို အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးဇေယျာလင်းက တင်ပြဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေးအစီအစဉ်အရ တင်ဒါကော်မတီဥက္ကဋ္ဌကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၄:၄၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၂၄) ကျင်းပခြင်း



ဇွန်လ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄) ကို ၆-၆-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်း အချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသည့် လက်ထောက်ကြီးကြပ်ရေးမှူး-၁ သင်တန်းအမှတ်စဉ် (၁၈) ၌ ၆-၆-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၇၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် သင်ခန်းစာသွားရောက်ပို့ချ



ဇွန်လ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော "ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၂၄)" သို့ ၁၁-၆-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန်မှ ၁၄:၅၀ နာရီအချိန်ထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဘာသာရပ်သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၅၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ကော်မရှင်ရုံး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲခဲ့သည့် အသုံးစရိတ်များ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူခြင်း

ဇွန်လ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေသုံးစွဲထားရှိမှုစာရင်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စာရင်းစစ်ဆေးမှုအား ၂၈-၅-၂၀၂၄ ရက်နေ့မှ ၁၂-၆-၂၀၂၄ ရက်နေ့အထိ လာရောက်စစ်ဆေးခဲ့ပြီးသက်ဆိုင်ရာဌာနများအလိုက် စစ်ဆေးမှုခံယူခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့်ဒိုက်ဦးမြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဇွန်လ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၂-၆-၂၀၂၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ရှိ ဒိုက်ဦးမြို့မရဲစခန်း အချုပ်ခန်းနှင့် ဒိုက်ဦးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန၊ ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဒိုက်ဦးမြို့ပေါ်ရှိ ဒိုက်ဦးမြို့မရဲစခန်းအချုပ်ခန်းအား ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိမရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ အချုပ်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းအတွင်း သန့်ရှင်းမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကျိုက်စကောစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုလာရောက် တွေ့ဆုံနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများစုံလင်စွာရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်း

ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ အခြေ အနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ သန့်ရှင်းသော သောက်ရေရရှိမှု အခြေအနေ၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## ကော်မရှင်ရုံး၏လက်ထောက်ညွှန်ကြားရေးမှူးများ လုပ်သက်ပြည့်မီသည့် အရာထမ်းများအား ဒုတိယညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း

ဇွန်လ ၁၃ ရက်


မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လုပ်သက်ပြည့်မီသည့် လက်ထောက်ညွှန်ကြားရေးမှူးအရာထမ်းများအား ဒုတိယညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၁၃-၆-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် Conference Room တွင် ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်ရေး အရည်အချင်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်ကအဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်ရေး အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးရဲနောင်လွင်က ရာထူးတိုးမြှင့်ခြင်းတွင် လိုအပ်သည့် အမှတ်ပေးဇယားများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက်လက်ထောက်ညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်ရေး အရည်အချင်းစစ်ဆေးရေးအဖွဲ့၊ အဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်အောင်တို့က လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၄:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။




## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တွံတေးမြို့ပေါ်ရှိ တွံတေးမြို့မရဲစခန်းအချုပ်ခန်းနှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဇွန်လ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၄-၆-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊

တွံတေးမြို့ပေါ်ရှိ တွံတေးမြို့မရဲစခန်း အချုပ်ခန်းနှင့် မိဘဂုဏ်ဘိုးဘွားရိပ်သာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် တွံတေးမြို့ပေါ်ရှိ မြို့မရဲစခန်းအချုပ်ခန်းအား ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစု တွေ့ဆုံမှုအခြေအနေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း နေထိုင်စားသောက်ရမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုအခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိနှင့် အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့အား ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

တွံတေးမြို့နယ်ရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာအား ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ်လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဇွန်လ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှညွှန်ကြားရေးမှူးချုပ်ဦးဘုန်းကြွယ်သည် ၂၀-၆-၂၀၂၄ ရက်နေ့ ၁၃:၃၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှု မရှိစေရေး အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊စားချက်ဆောင်များ၊အဆောက်အဦအမှတ်(၂)၊ (၂) ထပ်ဆောင်နှင့် ဌာန (၆) ခုသို့ အသေးစိတ်လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်း အချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော စခန်းမှူး သင်တန်းအမှတ်စဉ် (၆၉/၂၀၂၄) ၌ ၂၀-၆-၂၀၂၄ ရက်နေ့တွင် ၀၇:၃၀နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင်

လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့်မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချ ခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ ၉၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူ အရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေး ဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၅) နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၁၇) တို့သို့ ၂၁-၆-၂၀၂၄ ရက်နေ့ ၀၈:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများသွား ရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းများတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် စသည့် ဘာသာရပ်များပို့ချခဲ့ပါသည်။ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၅) ၌ သင်တန်းသားဦးရေ ၂၃ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၁၇) ၌ သင်တန်းသား ဦးရေ ၃၈ ဦး စုစုပေါင်းသင်တန်းသားဦးရေ ၆၁ ဦး တက်ရောက်ခဲ့ကြပြီးတက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူ အရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်တွင် ဖွင့်လှစ်လျက်ရှိ

ဒုတိယကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁၅) ၌ ၂၄-၆-၂၀၂၄ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်ထိ လူ့အခွင့် အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက် များ စသည့် သင်ခန်းစာများကိုပို့ ချခဲ့ပါသည်။ သင်တန်း တွင် စုစုပေါင်းသင်တန်းသားဦးရေ ၂၅ ဦး တက်ရောက် ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများ ကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ ပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်အိတ်များနှင့် စားသုံးဆီများ ရောင်းချပေးခြင်း

ဇွန်လ ၂၄ ရက်

ကော်မရှင် ရုံးဝန်ထမ်းများအတွက် သက်သာ ချောင်ချိရေး အစီအစဉ်အဖြစ် သက်ဆိုင်ရာ စားအုံးဆီ ဆိုင်မှ စားသုံးဆီ (၂၂၄) ပိဿာအား တစ်ပိဿာလျှင် ၅၈၀၀ဝိ/- ကျပ်နှုန်းဖြင့် ၂၀-၆-၂၀၂၄ ရက်နေ့တွင်လည်း ကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ ဆန် အိတ် ပေါ်ဆန်း (၆၃) အိတ် (၅ ပြည်ဝင်တစ်အိတ်လျှင် ၂၈၀၀ဝိ/-ကျပ်နှုန်း) နှင့် ဧည့်မထ (၁၀၃) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၁၅၀၀ဝိ/- ကျပ်နှုန်း) တို့အား ဝယ်ယူ၍ ကော်မရှင်ရုံးဝန်ထမ်းများသို့ ၂၄-၆-၂၀၂၄ ရက်နေ့တွင် လည်းကောင်း ရောင်းချပေးခဲ့ပါသည်။



## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း တိုင်တန်းချက် (၁၆) စောင်၊ မေလ တိုင်တန်းချက် လက်ကျန် (၃) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၁၉) စောင် စိစစ်ဆောင်ရွက်ခဲ့ ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၅) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ သို့လည်းကောင်း၊ တိုင်တန်းချက် (၃) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်း ချက် (၁၁) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်း ကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် တိုက်ကြီးမြို့ပေါ်ရှိ ရဲစခန်း အချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် ဥက္ကံမြို့ရှိ ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဇွန်လ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ ဥက္ကံမြို့ရှိ ဦးမောင်ရုံး+ဒေါ်ရင် ဘိုးဘွားရိပ်သာ၊ တိုက်ကြီးမြို့ပေါ်ရှိတိုက်ကြီးမြို့မရဲစခန်းအချုပ်ခန်း၊ တိုက်ကြီးခရိုင်တရားရုံးအချုပ်ခန်းနှင့် မြို့နယ်တရားရုံးအချုပ်ခန်းတို့အား ၂၅-၆-၂၀၂၄ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဥက္ကံမြို့ရှိ ဦးမောင်ရုံး+ဒေါ်ရင် ဘိုးဘွားရိပ်သာအား ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက် တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ဘိုးဘွားအိပ်ဆောင်များ၊ရေချိုးခန်း၊ သန့်စင်ခန်းနှင့် စားဖိုဆောင်များကို ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများအနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

တိုက်ကြီးမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ ခရိုင်တရားရုံးအချုပ်ခန်းနှင့် မြို့နယ်တရားရုံးအချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစု တွေ့ဆုံမှုအခြေအနေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း နေထိုင်စားသောက်ရမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုအခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိနှင့် အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

---

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက အထွေထွေ




အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) တွင် ဖွင့်လှစ် လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂)/ဦးစီးအရာရှိများအား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၄)/လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းအကြို သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ၌ ၂၅-၆-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီမှ ၁၄:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၁၀၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူ အရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



### ဇွန်လ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အမှတ်စဉ် (၆/၂၀၂၄) အခမ်းအနားကို ၂၆-၆-၂၀၂၄ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိအရာထမ်း/အမှုထမ်းများက ယင်းတို့၏လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင် ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်းအခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၈၂ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေး (၆/၂၀၂၄) ကျင်းပခြင်း

### ဇွန်လ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၂၄) ကို ၂၈-၆-၂၀၂၄ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့



ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြခဲ့ပြီး စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပြီးစီးခဲ့သောလုပ်ငန်း ဆောင်ရွက်ချက်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ရန် ကျန်ရှိသော လုပ်ငန်းများအား တင်ပြဆွေးနွေးခဲ့ကြပါသည်။

---

## ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် (Logo) ပြိုင်ပွဲ၌ တတိယဆုရ (Logo)

| | | |
|---|---|---|
| အမည် | - | ဒေါ်ထွန်းအိန္ဒြာကျော် |
| ရာထူး | - | ဦးစီးအရာရှိ |
| ဌာန | - | နိုင်ငံတကာဆက်ဆံရေးဌာန |




*****

# ENGLISH SECTION

Vol.3 No.7, July 2024

## MNHRC Gives Human Rights Lecture at Staff Training School (Mandalay)

June 6

Myanmar National Human Rights Commission is preparing to promote public awareness of human rights through the provision of information and education under Section 22 (a) of the Myanmar National Human Rights Commission Law.

Deputy Director Daw Mi Mi Khaing delivered lectures on human rights during the Assistant Supervisor–1 Course (No.18) held at the Staff Training School (Mandalay) of Prison Department on 6 June 2024 from 12:00 to 16:00. In this context, the Deputy Director presented lectures on Human Rights Concept, Universal Declaration of Human Rights, and the Organization and Functions of the Myanmar National Human Rights Commission. The lecturer then responded to the trainee's questions. A total of 76 officers attended the course as mentioned above.

## MNHRC Gives Lectures at Ministry of Investment and Foreign Economic Relations

June 11

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. Daw Mi Mi Khaing, Deputy Director of the Commission office delivered lectures on human rights "Capacity Building Training Course No. (2/2024)" held at the Ministry of Investment and Foreign Economic Relations (Nay Pyi Taw) on 11 June 2024 from 13:00 to 14:50. In this regard, the Deputy Director presented lectures on the Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. The lecturer responded to inquiries from the trainees. A total of 51 officers attended the aforementioned course.

## The Myanmar National Human Rights Commission inspects Kyaik Sa Kaw Labour Camp and Daik–U Police Lock–up

June 12

On 12 June 2024, the inspection team, led by U Kyaw Soe and U Tin Aung, Members of the Myanmar National Human Rights Commission (MNHRC), inspected Daik–U Police Lock–up and Kyaik Sa Kaw Labour Camp in Daik–U Township, Bago Region, in accordance with Sections 43 and 44 of the Commission Law.

While inspecting Daik–U police lock–up in accordance with the Commission Law and established procedures, the MNHRC team inspected the conditions of detainees during the remand period, including whether any torture occurred during investigation and there were opportunities to meet with family

members as well as provision of food and drinking water, the handling of sewage, and the overall cleanliness of the facilities.

The inspection team inspected Kyaik Sa Kaw Labour Camp in accordance with the Commission Law and established procedures to find out whether the prisoners and detainees enjoy fundamental rights, including appropriate food supply, access to healthcare and provision of adequate purified water. The inspection team inquired the prisoners in whether they received their items and items sent by their families and whether they obtained, family visits, conditions of workplace safety and whether there were discriminations in workplace and whether there were human rights violations and torture cases. The inspection team also privately interviewed the prisoners who wanted to meet with the team freely and privately.

The inspection team also inspected the dormitories, clinic, library, kitchen, food storage, water purifier and water sanitation system of the Labour Camp.

MNHRC inspection team will inform its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## The Myanmar National Human Rights Commission inspects Twante Myo Ma Police Lock-up and Mibagone Home for the Aged

June 14

On 14 June 2024, the inspection team, led by U Kyaw Soe and U Tin Aung, Members of the Myanmar National Human Rights Commission (MNHRC), inspected Twante Myo Ma Police Lock-up and Mibagone Home for the Aged in Twante Township, Yangon Region, in accordance with Sections 43 and 44 of the Commission Law.

While inspection Twante Myo Ma Police Lock-up, the MNHRC team inspected the conditions of detainees during the remand period, including whether any torture occurred during investigation and there were opportunities to meet with family members as well as provision of food and drinking water, the handling of sewage, and the overall cleanliness of the facilities.

The inspection team inspected the Mibagone Home for the Aged in accordance with the MNHRC Law and procedures to find out whether the residents were enjoying fundamental rights including health services, appropriate food, purified drinking water, right to freedom of religion, adequate dormitories and arrangements for leisure.

MNHRC inspection team will inform its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

June 20

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is providing to raise public awareness of human rights by disseminating information and educating the public as much as possible. Director U Zaw Lwin Htoo of the Commission Office gave lectures on human rights at the Police Station Officer Course No. (69/ 2024), held at the Police Officer Tactical Training Institute (Mandalay) on 20 June 2024 from 7:30 to 9:50. In doing so, the Director delivered lectures on the Human Rights

Concept, Universal Declaration of Human Rights, and the Organization and Functions of Myanmar National Human Rights Commission. Following the lectures, the lecturer accepted the questions from the trainees. A total of 99 officers have been attending the course mentioned above.

## MNHRC Gives Human Rights Lecture at Civil Service Academy (Upper Myanmar)

June 21

Under Section 22 (a) of the Myanmar National Human Rights Commission Law, Deputy Director–General Dr. Khine Khine Win delivered lectures on human rights topics at the Civil Service Academy in Upper Myanmar. These lectures covered subjects such as the Universal Declaration of Human Rights (UDHR), the concept of human rights, the establishment and activities of the Myanmar National Human Rights Commission, the United Nations human rights mechanism, and the Universal Periodic Review (UPR). Following the lectures, the Deputy Director–General answered questions from trainees. A total of 61 senior officials attended, including 23 Deputy Directors General for executive level officials course (No.15) and 38 Directors for senior level officials course (No.17).

## MNHRC Gives Human Rights Lecture at the Prison Department (Naypyidaw)

June 24

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, on 24 June 2024, Deputy Director Daw Mi Mi Khaing of the Commission office delivered lectures on human rights at the Deputy Superintendent Supervisor Course No. (15), held at the Prison Department Office No. (49) in Naypyidaw, from 12:00 to 16:00. She covered the concept of human rights, the Universal Declaration of Human Rights, and the Organization and Functions of the Myanmar National Human Rights Commission. Shortly thereafter she answered questions from the trainees. A total of 25 officers attended the course.

## The Myanmar National Human Rights Commission inspects Taikkyi Police Lock–up, Court Detention Centers and U Maung Yone + Daw Yin Home for the Aged

June 25

On 25 June 2024, the inspection team, led by U Kyaw Myint, Member of the Myanmar National Human Rights Commission (MNHRC), inspected U Maung Yone + Daw Yin Home for the Aged in Oakkan Township, Taikkyi Myo Ma Police Lock–up, Taikkyi District and Township Court Detention Center, Yangon Region in accordance with Sections 43 and 44 of the Commission Law.

The inspection team inspected U Maung Yone + Daw Yin Home for the Aged in accordance with the MNHRC Law and procedures to find out whether the residents were enjoying fundamental rights including health services, appropriate food, purified drinking water, right to freedom of religion, adequate dormitories and arrangements for leisure.

At Taikkyi Myo Ma Police Lock–up, Taikkyi District and Township Court Detention Center, the MNHRC team inspected the conditions of detainees during the remand period, any torture occurred during investigation and whether there

were opportunities to meet with family members, as well as the provision of food and drinking water, the handling of sewage, and the overall cleanliness of the facilities.

The MNHRC inspection team will inform its findings and recommendations to the relevant department in accordance with the MNHRC Law for necessary actions.

## MNHRC Gives Human Rights Lecture at Institute of Development Administration (Mingaladon)

June 25

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. Director U Zaw Lwin Htoo of the Commission office gave the lectures on human rights at the Training Course for Pre–Administration Officer Grade (4) No. (1/2024), held at the Institute of Development Administration (Mingaladon) of the General Administration Department on 25 June 2024 from 13:00 to 14:50. In doing so, the Director gave lectures on Human Rights Concept, Universal Declaration of Human Rights, and the Organization and Functions of Myanmar National Human Rights Commission. Following the lecture, the lecturer addressed the questions from the trainees. A total of 100 officers attended the course as mentioned above.

## Status of Handling Complaints

During June 2024, MNHRC received 16 Complaints on the violations addressed to the Commission. The complaint investigation team held complaint screening meetings for examining the total of 19 complaints including 3 cases leftover from May. Then, 5 cases were referred to the relevant departments and in 3 cases, the complainants were advised on more appropriate remedies. The 11 cases which were not in line with the criteria of complaints under MNHRC Law were put on record systematically.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

| | | | |
|---|---|---|---|
| **နေပြည်တော် (ရုံးခွဲ)**<br>သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။<br>ဖုန်း- ၀၆၇၃၄၃၂၅၉၅ | **မန္တလေး(ရုံးခွဲ)**<br>ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။<br>ဖုန်း- ၀၉၅၃၄၃၆၅၀ | **စစ်တွေ (ရုံးခွဲ)**<br>ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။<br>ဖုန်း- ၀၉၄၂၅၈၆၀၀၀၈ | **ပုသိမ် (ရုံးခွဲ)**<br>အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။<br>ဖုန်း- ၀၄၂၂၉၃၂၇ |

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm